နောင်လုံကျေးရွာ
မိုင်းရယ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်လုံကျေးရွာ၊ မိုင်းရယ်မြို့နယ်
(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၃ခုနှစ်၊ဇန်နဝါရီ လ

မာတိကာ


မာတိကာ ၁

စကားချီး ၃

နောင်လံဒကျေးရွာ သယံဇာတပြမြေပုံ၊ မိုင်းရယ်မြို့နယ် ၅

အပိုင်း (က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဗျူဟာနှင့် အစီအစဉ်

၁။နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၈

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်သူများ

(စ) ကျား–မ ရေးရာကိစ္စဆိုင်ရာ

၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

အဟာန့်အတား နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟာန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၅
(က) ဖွံ့ဖြိုးရေးပန်းတိုင်
၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ ၁၅
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကာလ ၁၆
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၁၉
၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ ၂၁
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၂၄

# နောင်လုံကျေးရွာ သယံဇာတပြမြေပုံ



# နောင်လုံကျေးရွာ ရာသီခွင်ပြပြက္ခဒိန်



## နောင်လုံကျေးရွာ အဖွဲ့အစည်းနှင့်ကျေးရွာချိတ်ဆက်ပြမြေပုံ



ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် မှ ၂၀၂၇ -၂၀၂၈ခုဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။

ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများ စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့ ၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သောကိန်းဂဏန်းနှင့်သတင်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့်အခက်အခဲများ ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစာပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုး

ကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်းယုံကြည်ပါသည်။ ဤအစီအစဉ်တွင် အပိုင်း (၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ ၊ ဦးစားပေး လုပ်ငန်းအစီအစဉ်များ ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်း နှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည်စီမံကိန်း ဆိုင်ရာ အချက်အလက် ၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

၂၀၂၃ခုနှစ် ၊ ဇန်နဝါရီလ (                ) ရက်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နောင်လုံကျေးရွာ
မိုင်းရယ်မြို့

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ ၊ ပြည်တွင်း ၊ ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ် စုအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း ၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့် အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့၏ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည် ။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိကကဏ္ဍ ၊ ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့် ၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၄င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ အနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့်၄င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs ) နှင့်အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထုအမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းများအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များ သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၄င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။ နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ် ၊ အာရှဖွံ့ဖြိုးရေးဘဏ်) ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၄င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်းလွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်လင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်း အနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီဝင်အနေအထားနှင့် သဘာတသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

နောင်လုံကျေးရွာသည်မိုင်းရယ် – တန့်ယန်းလမ်းမှသွားရပြီး အုပ်ချုပ်ရေးမှူးရုံးစိုက်ရာမိုင်းရယ်မြို့နှင့် ( ၆ )မိုင် အကွာတွင် တည်ရှိပါသည်။ ရာသီဥတုသင့်တင့်မျှတပြီး အဓိကအားဖြင့်စပါး ၊ ပြောင်းတို့ကိုစိုက်ပျိုးကာအသက်မွေးဝမ်းကျောင်းမှုပြုပါသည်။ကျေးရွာတည်ရှိရာမြေပြန်ပိုင်းတွင်လယ်မြေအချို့စိုက်ပျိုးလျက်ရှိပါသည်။ကျေးရွာထွက်ကုန်များဖြစ်သောစပါးနှင့်ပြောင်းဖူးများကိုပွဲစားမျာ းမှရောင်းချပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်မြေနှင့်တောင်ယာအသင့်အတင့်ရှိပြီး ကုန်းမြေပြန့်ဖြစ်ကာမြေဆီမြေလွှာအသင့်အတင့်ကောင်းမွန်သော်လည်း ဓါတ်မြေသြဇာအနည်းငယ်ထည့်ဝင်စိုက်ပျိုးလျက်ရှိပါသည်။ စိုက်ပျိုးရေးအတွက် ချောင်းရေနှင့်မိုးရေကိုသာ အဓိကအားထားစိုက်ပျိုးလျက်ရှိပါသည်။ သောက်သုံးရေအတွက်ရွာနားစိမ့်ထွက်မှစိမ့်စမ်းရေသွယ်ကိုသာ အသုံးပြုလျှက်ရှိပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၁)စု နှင့်ကျား(၁၈၈) ဦး၊ မ(၁၉၇)ဦးဖြင့် လူဦးရေစုစုပေါင်း (၃၈၅) ဦးနေထိုင်လျက်ရှိပြီး ပျမ်းမျှအိမ်ထောင်စုတစ်စုလျှင် (၄) ဦးရှိပါသည်။ ကျေးရွာတွင် အဓိကအားဖြင့်ရှမ်းလူမျိုးများနေထိုင်ပါသည်။အလုပ်လုပ်ကိုင်နိုင်သောလူငယ်လူရွယ်အများဆုံးရှိပြီးအမျိုးသားဦးရေသည်အမျိုးသမီးဦးရေထက်နည်းပါးပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော

ဦးရေများပြားသောကြောင့် ထိုအခြေအနေမှာကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်ပြီး အိမ်ထောင်စုစာရင်းများ ကောက်ယူရာတွင်လည်း အဆင်ပြေလွယ်ကူကြောင်းသိရှိရပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မဗျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီးတစ်ရွာလုံး၏ဝင်ငွေအနေအထားမှ မိသားစုဝင်အနေအထား မှာ မိသားစုဝင်များစားသောက်ရန်လောက်ငမှုရှိပါသည်။ အိမ်ထောင်စုအလိုက်ခနအဆင့် သတ်မှတ်မှုများတွင် အိမ်ထောင်စုအားလုံး ၏ (၇၀%) သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဖြစ်ခံယူကြပြီး ( ၂၀% ) မှာ အလယ်အလတ်အဆင့်နှင့် ချမ်းသာသောအိမ်ထောင်စုမှာ ( ၁၀%)ခန့်သာရှိကြောင်း ကောက်ယူရရှိပါသည်။ ကျေးရွာတွင်းတွင်ကိုယ်စီကိုယ်ငှမြေယာပိုင်ဆိုင်မှုရှိပြီး လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင်ဆင်းရဲသားတောင်သူအများစုနေထိုင်ပြီးရာသီအလိုက်တောင်ယာစပါး၊ပြောင်းတို့ကိုစိုက်ပျိုးကြပြီးမိမိစိုက်ခင်းတွင်စိုက်ပျိုးပြီးစီးပါကတခြားစိုက်ခင်းများတွင်အခကြေးငွေယူ၍နေ့စားအငှားလိုက်ခြင်းဖြင့်လုပ်ကိုင်ရှာဖွေကြပါသည်။ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏(၉၀%)သည်(၁)နှစ်ပတ်လုံးဝမ်းစာဖူလုံမှုရှိပြီး(၁၀%)ခန့်သာသူတစ်ပါးထံမှချေးငွေရယူကာလယ်/ယာစိုက်ပျိုးရေးအတွက်အသုံးပြုကြပါသည်။ကျေးရွာတွင်
ဝမ်းစာမဖူလုံသော အိမ်ထောင်စုမရှိပါ။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင်းရွာသူ/သားများသည် အများအားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးအာဟာရအသင့်အတင့်ပြည့်ဝမှုရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်ရာသီအလိုက်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်ရာသီတုပ်ကွေးရောဂါများအနည်းငယ်ဖြစ်ပွားတက်ပါသည်။အခြားရောဂါဖြစ်ပွားမှုနည်းပါးကြောင်းနှင့် အမျိုးသား၊ အမျိုးသမီး၊သက်ကြီးရွယ်အိုတို့သည်တစ်ကိုယ်ရည်သန့်ရှင်းမှုရှိကြောင်းတွေ့ရှိရသည်။ ကျေးရွာအတွင်းတွင်ကျန်းမာရေးစောင့်ရှောက်ရန် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)မရှိပါ။ ကျေးရွာနှင့်(၁)မိုင်ခန့်ဝေးသောအုပ်စုရွာကြီးရှိကျေးလက်ဆေးပေးခန်းတွင်သာကျန်းမာရေးစောင့်ရှောက်မှုသွားရောက်ခံယူရပါသည်။ မြို့နယ်ပြည်သူ့ဆေးရုံနှင့်(၆)မိုင်ကွာဝေးပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည်မူလတန်းကျောင်းရှိပြီးဆရာ/ဆရာမလုံလောက်မှု ရှိပါသည်။ ရွာသားအများစုသည် အခြေခံအရေး ၊ အဖတ်အတွက်တတ်မြောက်မှုအသင့်အတင့်ရှိပြီး ရွာနှင့် မြို့အလှမ်းဝေးသောကြောင့်လည်းကောင်း ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ရွာတွင် အလယ်တန်း၊အထက်တန်း အဆင့်ထိပညာသင်ကြားနိုင်ခြင်းအားနဲပါသည်။

(စ) ကျား–မရေးရာကိစ္စရပ်များ

ကျေးရွာတွင် ကျား–မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား–မရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သောအိမ်တွင်းအကြမ်းဖက်မှုခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသားများသာ တက်ကြွစွာပူးပေါင်းပါဝင်မှု အားကောင်းပြီးအမျိုးသမီးများပူးပေါင်းပါဝင်မှုမရှိပါ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်း များတွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုများရှိပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့၊ သာရေးနာရေးအဖွဲ့၊ မီးလင်းရေးကော်မတီ၊ ကျောင်းကော်မတီဟူ၍ ရွာတွင်းအဖွဲ့အစည်း ( ၄)ဖွဲ့ရှိပြီး ပြင်ပအဖွဲ့အစည်းအနေဖြင့် ပညာရေးဌာန၊ကျေးလက်ဦးစီး၊ ကျန်းမာရေးဌာနတို့ဖြင့်ချိတ်ဆက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ မိမိတို့ကျေးရွာတွင်းရှိ အဖွဲ့အစည်းများမှာလုပ်ငန်းဆောင်ရွက်မှုအားကောင်းသော်လည်း၊တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့်ဆောင်ရွက်မှုနည်းပညာများ အားနည်းလျက်ရှိကြောင်းတွေ့ရှိရပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်ပြောင်းတို့ကို အဓိကထား စိုက်ပျိုးကြသည်။ စပါးစိုက်ကေလယ်မြေ ( ၁၁၀) ဧက ၊ ပြောင်းစိုက်ပျိုးမြေ ( ၁၂၃) ဧကရှိပါသည်။ စပါး၊ ပြောင်းတို့ကို မိုးရေ ၊ ချောင်းရေဖြင့်သာအဓိက စိုက်ပျိုးကြပါသည်။ နွေရာသီပိုင်းတွင်ဖရဲသီးအနဲငယ်အား ကိုယ်တိုင်(သို့)အငှားချခြင်းဖြင့် တပိုင်တနိုင်စိုက်ပျိုးကြပါသသည်။ ကျေးရွာတွင်းစိုက်ပျိုးရေးအထောက်အကူပြုစက်ပစ္စည်းများအနေဖြင့် ထွန်စက်ကြီးနှင့်လက်တွန်းထွန်စက်များ အနည်းငယ်ပိုင်ဆိုင်မှုရှိသဖြင့်ထွန်ယက်စိုက်ပျိုးရိတ်သိမ်းရာတွင် အခြေအနေကောင်းများရရှိပါသည်။ ရွာတွင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီးနွား ၊ ကျွဲ ၊ မြင်း ၊ ဝက် ၊ ကြက်တို့ကိုတစ်ပိုင်တနိုင်မွေးမြူထားရှိသောအိမ်ထောင်စုသည်ကျေးရွာအိမ်ထောင်စု၏(၅၀%)ရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာလူထုအနေဖြင့်မွေးမြူရေးဆိုင်ရာအသိ

ပညာဗဟုသုတနည်းပါးခြင်းနှင့်မြို့နှင့်အလှမ်းဝေးခြင်းသည်အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် တိုးချဲ့ဆောင်ရွက်ရန် အဓိကအဟန့်အတားဖြစ်ကြောင်းသုံးသပ်ရပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အဆင်ပြေမှုရှိနိုင်သော်လည်းမိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင် အသက်မွေးဝမ်းကျောင်းမှု ပြုကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်တခြားအသက်မွေးဝမ်းကျောင်းအဖြင့်ရောင်းဝယ်ရေးလုပ်ကိုင်သူ(၂)ဦးသာရှိပြီး အခြားအိမ်ထောင်စုများမှာမိမိလယ်/ယာတွင်ထွန်ယက်စိုက်ပျိုးပြီးပါကအခကြေးငွေယူ၍အခြားလယ် /ယာမြေများတွင်လုပ်ကိုင်ကြောင်း စစ်တမ်းကောက်ယူမှုအရ တွေ့ရှိ ရပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိစိုက်ပျိုးလယ်မြေ ၊ တောင်ယာများတွင် ဓါတ်မြေသြဇာနှင့် ပိုးသတ်ဆေးအချို့ သုံးစွဲပြီး ဗူးခွံများအား စနစ်တကျစွန့်ပစ်ပါသည်။ ရွာတွင်း အမှိုက်သရိုက်များအား မီးရှို့ ဖျက်ဆီးသောကြောင့် ကျေးရွာ ပတ်ဝန်းကျင်သန့်ရှင်းကြောင်းတွေ့ရှိရပါသည်။အခြားသဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း ၊ လျှပ်လှုပ်ခြင်းများဖြစ်ပေါ်ခြင်းနည်းပါးသည်။ ကျေးရွာအနီး အနားတွင် သယံဇာတပစ္စည်းများ မရှိပါ။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်းတောင်သူများသည် အများအားဖြင့် ပွဲစားများထံမှ ကြိုတင်ငွေရယူကာစိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ဆွေမျိုးသားချင်းများထံမှ နားလည်မှုဖြင့် ချေးယူထားမှုများလည်းတွေ့ရှိ ရတတ်ပါသည်။ ချေးငွေချေးယူရခြင်း၏အဓိကအကြောင်းအရင်းမှာလုပ်ငန်းလုပ်ကိုင် ဆောင်ရွက် ရန်ရင်းနှီးငွေလိုခြင်းတို့ဖြစ်ကြောင်းတွေ့ရှိရသည်။ကျေးရွာတွင်စိုက်ပျိုးရေးဘဏ်မှစိုက်ပျိုးစရိတ် ထုတ်ချေးပေးခြင်း မရှိကြောင်းတွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းကျောင်းမရှိပါ။ ရွာသားအချို့မှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေ အားလုံး၏ ၃ပုံ၁ပုံမှာ ဘုန်းကြီးကျောင်းပညာရေးကိုရရှိထားကြသည်။ မူလတန်းအောင်သူ ရာခိုင် နှုန်း မြင့်မားသည်။ ကျေးရွာအနီးရှိ(၂/၈)မိုင်ခန့်ဝေးသောရွာတွင် ရွာရှိကလေးများသွားရောက်ပညာ သင်ယူရပြီးမြို့နယ်ပြည်သူ့ဆေးရုံနှင့်(၉)မိုင်ကွာဝေးပါသည်။ကျေးရွာအတွင်းရှိအိမ်ထောင်စုအားလုံး သည် ရေလောင်းအိမ်သာကိုအသုံးပြုကြပြီး ဆိုလာမီးများကိုသာအသုံးပြုကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်လူရွယ်အများစုသည် ကျေးရွာ၏ သဘောသဘာဝအရ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လူငယ်အဖွဲ့ဖွဲ့စည်းထားရှိပါသည်။ ထို့ပြင်ရှမ်းရိုးရာအဆို၊ အက၊အတီးအမှုတ်၊စာပေယဉ်ကျေးမှုများထိန်းသိမ်းစောင့်ရှောက်ရန်အတွက်အခြားဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် သီးခြားအဖွဲ့ကော်မတီများ ဖွဲ့စည်းထားခြင်းရှိပါသည်။

(ဇ) အခြေခံအဆောက်အဦ– လမ်း တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းသာ ဖြစ်ပါသည်။ မိုးရာသီတွင်လမ်းများကိုပြုပြင်၍ အသုံး ပြုကြပါသည်။ထော်လာဂျီနှင့်ကားများအသုံးပြုကြပြီး အိမ်ထောင်စုအများစုသည် ဆိုလာမီးကိုသာ အားထား၍ အသုံးပြုကြပါသည်။ကျေးရွာတွင် ဖုန်းလိုင်းများရှိသော်လည်း အင်တာနက်လိုင်းအသုံးပြုနိုင်သည့် ထိမကောင်းသောကြောင့် သတင်းအချက်အလက်ရရှိမှုနှင့်နည်းပညာအသိနည်းပါးကြောင်းတွေ့ရပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုများဖြစ်ပွားမှုနည်းပါးပြီးတည်ငြိမ်အေးချမ်းပါသည်။ ကျေးရွာသဘောသဘာဝအရ ခိုးမှုကဲ့သို့အမှုအခင်းများရှိသော်လည်း မူးယစ်ဆေးသုံးစွဲရောင်းချမှုများနှင့်အကြမ်းဖက်မှု များ မတွေ့ရှိရပေ။

၅။ ဖွံ့ဖြိုးရေးအတွက်

အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင်းလမ်းများကောင်းမွန်ပါက ကျေးရွာထုတ်ကုန်များ မြို့သို့ အလျင်အမြန်တင်ပို့ရောင်းချနိုင်မည် ဖြစ်သောကြောင့် ကျေးရွာစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ထို့ပြင်သန့်ရှင်းသော သောက်သုံးရေရရှိပါက မိမိတို့ ကျေးရွာသူ/သားများ ရောဂါဘယကင်းစင်ကာ မိသားစုဖွံ့ဖြိုး တိုးတက်နိုင်ကြောင်း၊လျှပ်စစ်မီးနှင့်ဖုန်းလိုင်းများရရှိပါကမိမိတို့ပညာသင်ကလေးသူငယ်များစာဖတ်နိုင်ရေးအတွက် အထောက်အကူပြုရုံသာမက မိသားစု များဖျော်ဖြေရေးပစ္စည်းများဖြစ်သော TV ၊ စလောင်းများနှင့် အပန်းဖြေ အနားယူနိုင်ပါသည်။ ကျေးရွာတွင် ဦးစီးဦးဆောင်လုပ်ကိုင်နိုင်မည့် အသိပညာရှိလူငယ်လူရွယ်များလိုအပ်လျက်ရှိပြီးလူဦးရေ၏(၇၅%)မှာအလုပ်လုပ်ကိုင်နိုင်သောလူငယ်များဖြစ်ကြပါသည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ပြီးစိုးရိမ်ရသောရောဂါဘယများ ဆေးဝါးကုသရန်အတွက် ရွာနှင့် (၉) မိုင်အကွာရှိ မြို့နယ်ဆေးရုံတွင်သွားရောက်ကုသမှုခံယူရပါသည်။

သဘာဝအရင်းအမြစ်များအဖြစ် မြေပြန့်ပိုင်းတွင် လယ်မြေနှင့် တောင်ကုန်း၊ တောင်စောင်းများရှိ တောင်ယာများ၊ မြေများသည်မြေဆီ၊မြေသြဇာအသင့်အတင့်ကောင်းမွန်သည်။တောင်ယာထွက်ကုန်များကို မြို့သို့တင်ပို့ရာတွင် သယ်ယူပို့ဆောင်ရေးအခက်အခဲအချို့ရှိပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်မြေများမှာမြေဆီမြေသြဇာအသင့်အတင့်ကောင်းမွန်ပြီးအခြားသယံဇာတပစ္စည်းများတွေ့ရှိရခြင်းမရှိပါ။ တောင်ယာခုတ်ထွင်းတိုးချဲ့မှု အနည်းငယ်ရှိပြီး ထိန်းချုပ်ရန်လိုအပ် လျက်ရှိပါသည်။ တောင်သူများသည် အဓိကစိုက်ပျိုးစရိတ်အား မြစိမ်ရောင်ချေးငွေနှင့်ပွဲစားများထံမှကြိုတင်ငွေရယူစိုက်ပျိုးကာ အတိုးငွေ(၂)ကျပ်ဖြင့် ချေးယူရပါသည်။မြေနိမ့်ပိုင်းလယ်မြေအချို့တွင်ချောင်းရေမှ ရေတင်စိုက်ပျိုးနိုင်သော်လည်း အဓိကအားဖြင့် မိုးသောက်ရေကိုသာ အားထားစိုက်ပျိုးလျက်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက်နည်းပညာနှင့် ငွေကြေးအခက်အခဲကြောင့် စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိဘဲတစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်ကြပါသည်။ အခြားစီးပွားဖြစ် အသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းမရှိဘဲနည်းပညာဗဟုသုတနှင့်အသိအမြင်နည်းပါးပြီးငွေကြေးအခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးလျက်ရှိပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့်ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ကာလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုကျေးရွာသူ/သားများ ၏မဲဆန္ဒဖြင့် အောက်ပါအတိုင်းရွေးချယ်ထားရှိပါသည်-

(ခ-၁) ကျေးရွာတွင်း ရွာသူ / သားများ၏ အသိပညာ၊ ဗဟုသုတများရရှိနိုင်မည့်နေရာများ ဆောက်လုပ်ကာသိရှိနားလည်လာသောအသိပညာအတတ်ပညာများဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(ခ-၂) ကျေးရွာအတွင်းရှိ မြေသားလမ်းများအားကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်ခြင်းများနှင့်အတူ ကျေးရွာထုတ်ကုန်၊ ဝင်ငွေ များ တိုးတက်လာစေရမည်။

(ခ-၃) ကျေးရွာတွင်းရေကန်နှင့် ရေပိုက်သွယ်တန်းပြီး သန့်ရှင်းသော သောက်သုံးရေရရှိစေရမည်။ ပညာပေးသင်တန်းများ /အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်သင်ကြားပို့ချစေခြင်း ဖြင့် လူငယ်များတွင်အသိပညာ၊ အတတ်ပညာများ တိုးပွားလာစေရမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်ပါသည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးနှင့် ပြောင်းတို့ကိုအဓိကစိုက်ပျိုးကြပါသည်။မြေဆီမြေဩဇာအသင့်အတင့်ကောင်းမွန်သော်လည်းဓါတ်မြေဩဇာနှင့်ပိုးသတ်ဆေးသုံးစွဲရမှုများရှိပါသည်။စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အသိပညာပေးဟောပြောပွဲများ ကျင်းပပေးနိုင်ပါက ပိုမိုအဆင်ပြေနိုင်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

စိုက်ပျိုးရေးဘဏ်အပါအဝင် ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များအနေဖြင့်ဆင်းရဲသားတောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရန်လိုအပ်လျက်ရှိပါသည်။ယခုအချိန်တွင် မိမိတို့ တောင်သူ / လယ်သမားများသည် ပွဲစားများ၊ ငွေတိုးချေးစားသူများထံမှအတိုးငွေအမြောက်အများပေးကာ စိုက်ပျိုးစရိတ်ချေးယူနေရသောကြောင့် အမြတ်ငွေရ ရှိမှုနည်းပါးလျက်ရှိပါသည်။ထို့ပြင်ကျေးရွာတွင်အသေးစားမွေးမြူရေးလုပ်ငန်း၊ကုန်ထုတ်လုပ်ငန်းများအတွက်သင့်လျော်သော ရင်းနှီးငွေများလိုအပ်လျက်ရှိပါသည် ။ကျေးရွာတွင်သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသောကြောင့် မြို့နယ်သမဝါယမအသင်းအနေဖြင့် မြို့နှင့်အလှမ်းဝေးသောကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာရှိ လူငယ်များသည် တက်ကြွစည်းလုံးသောကြောင့်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ပါကကျေးရွာဖွံ့ဖြိုးတိုးတက်လာမည့် အပြင်လူငယ်နှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်ပါသည်။ သို့သော် ၎င်းတို့တွင်လုပ်ငန်းဆိုင်ရာ စီမ

အုပ်ချုပ်မှုနည်းပညာ ၊ ဈေးကွက် ၊ သတင်းအချက်အလက်များ လက်လှမ်းမှီမှုအားနည်းပါသည်။ ကျေးရွာတွင်းရှိလုပ်ငန်းအားလုံးအတွက် အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများပြုလုပ်ပေးရန်ခက်ခဲပါသည်။ထို့ကြောင့်ကျွန်ုပ်တို့ကျေးရွာအတွင်းပညာပေးဟောပြောပွဲများ၊သင်တန်းများပြုလုပ်ရန်ပညာရှင်များလိုအပ်လျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် မြို့နယ်အဆင့်မှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်းများ ၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ်သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိစေရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာစီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝ ဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏မဟာဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစိစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက်ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစာကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည်

စီမံချက်ကိုအကဲဖြတ်ရာတွင် အကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ် ၊ စွမ်းဆောင်ရည်မြှင့်တင်ရေး ၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-*

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် တခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ | √ | | | | |
| ၂ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | ၂ | | √ | | | |
| ၃ | စိမ့်စမ်းရေသွယ်ယူခြင်း | ၃ | √ | | √ | | |
| ၄ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၄ | | | √ | | |
| ၅ | ဒီဇယ်အင်ဂျင်ပြုပြင်နည်းသင်တန်း | ၅ | | | | √ | |

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်း နမူနာဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာ–လုပ်သား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊အချိန်စသည်)

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံး | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုအထောက်အပံ့ |
| ၁ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | | | √ | | |
| ၂ | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | | | √ | | |
| ၃ | စိမ့်စမ်းရေသွယ်ယူခြင်း | | | √ | | |
| ၄ | စာကြည့်တိုက်တည်ဆောက်ခြင်း | | | √ | | |
| ၅ | ဒီဇယ်အင်ဂျင်ပြုပြင်နည်းသင်တန်း | | | √ | | |

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။အဖွဲ့အစည်းအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါ မည်။ ဥပမာမိဘဆရာ

အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာထုတ်ကုန်အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်ဦးဆောင်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာမိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်သော အကူအညီ များရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း / ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေးကြီးကြပ်ရေး စသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊(ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စရပ်များတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်တာဝန်ပေးထားသောအဖွဲ့ခွဲကိုဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိပါမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံ မှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ကိုဆောင်ရွက်မည်။ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်း အလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာ အသင်းစသည်ဖြင့် ဆောင်ရွက်ပါ မည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင်တိုးတက်မှု အခြေအနေများအားစနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင် အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်း ကို(၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး ၊ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။အဖွဲ့အသီးသီး သည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များရရှိအောင် ဆောင်ရွက်ကြပါ မည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်းတိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း

များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ
- (၂) ငွေကြေးဆိုင်ရာတိုးတက်မှု
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံစာပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ၂-၃မျက်နှာခန့်ပါဝင်၍အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါ မည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင်စီမံကိန်း၏တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း

ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ ၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
- (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်း အလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့်အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ် အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။


မ
နိဆိုင်းကျေးရွာအုပ်စု
ကျေးရွာအုပ်စုအညွှန်းပြမြေပုံ
မိုင်းရယ်မြို့နယ်
လားရှိုးခရိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
စကေး၂လက်မ• ၁ မိုင်
ကန်းစုံအုပ်စု
လုတ်ခိုက်အုပ်စု
နားခိုအုပ်စု
မန်ပုံအုပ်စု
တာဟတ်
တာပေါက်
နိဆိုင်း
ဟွေယုတ
နမ့်အွမ်
ပါလန်
ပန်ဟိုက်
နောင်မှုန်း
နောင်ယ
နောင်ပုး

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **မသန်စွမ်းသူ အရေအတွက်** | |
|---|---|---|---|---|---|---|
| | | | | | **ကျား** | **မ** |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၁၀ | ၁၆ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၀ | ၈ | ၁၈ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၆ | ၁၅ | ၂၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၀ | ၃၀ | ၅၀ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၀ | ၁၂၈ | ၂၆၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၆ | ၁၂ | | |
| စုစုပေါင်း | | ၁၈၈ | ၁၉၇ | ၃၈၅ | | |
| **စုစုပေါင်း အိမ်ထောင်စု** | | ၈၁ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ခိုင်းရိုးကျေးရွာသည် နို့စို့အရွယ်ကလေးများ မရှိပါ။ ၅နှစ်အောက်ကလေးငယ်များသည် အနည်းငယ်ရှိပြီး မူလတန်းကျောင်းသူ/သားအရွယ်သည် အလွန်များပြားပြီး အလယ်တန်းကျောင်းသူ/သားအရွယ်သည် မူလတန်းကျောင်းသူ/သားအရွယ်ထက် အနည်းငယ်ရှိပြီး တွေ့ရှိရသည်ကြောင့် အလုပ်လုပ်နိုင်သည့်အရွယ်သည် အလွန်များပြားသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သချောစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကို</u> <u>သာရွေးရန်။</u>) |
|---|---|---|---|---|---|---|---|---|
